ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -17/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ထားလဲနှင့် နန်းဖဲကျေးရွာအကြားတွင် စစ်ကြောင်းထိုးလာသည့် စကစတပ်များကို ကရင်နီပူးပေါင်းတပ်များမှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ၏ တပ်မ (၆၆)၏ လက်အောက်ခံ ခမရ (၁၀၈) တပ်ရင်းမှ တပ်စိတ်တစ်စိတ်ခန့် မိုင်းထိမှန်ခဲ့ပြီး ၄ ဦး သေဆုံးခဲ့ကာ တပ်ရင်းမှူး အပါအဝင် ၃ ဦး ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာသို့ လာနေသော စကစ၏ ကား (၂) စီးအား ဘန့်ဘွေးကျေးရွာအရှေ့ဘက်၌ ချိုမိုင်မိုင် ဒေသကာကွယ်ရေးအဖွဲ့၊ ယင်းမာပင်၊ ကနီ မဟာမိတ်တပ်ပေါင်းစုတို့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ကျော်ကျေးရွာတွင် စခန်းချနေသော စကစ တပ်သားများအား TDPDF ၊ မင်းကင်းမြို့နယ်၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ)တို့မှ လက်နက်ကြီး ၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ခဲ့ရာ စကစ တပ်သားအချို့နှင့်ပျူစောထီးများ သေဆုံးခဲ့ကာ ဒဏ်ရာအများအပြား ရရှိသွားကြောင်း သိရသည်။

တနင်္သာရီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့၊ တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်တွင် ကင်းလှည့်နေသည့် စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့၏ကား ၁ စီးကို Launglone People Defence Force(LLPDF)၊ Nway Oo Guerrilla Force နှင့် Dawei Defence Team(DDT) တို့ ပူးပေါင်းပြီး မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့၊ မကွေးတိုင်း၊ ဆောမြို့နယ်၊ ကျောက်ထုမြို့ရှိ စကစ၏အမြောက်တပ် ၊ ရဲစခန်း နှင့် လေတပ်တို့အား ကျောက်ထု PDF နှင့် The Youth Force (saw & kyaukhtu) ပူးပေါင်းအဖွဲ့မှ လက်နက်ကြီးဖြင့် ၁၀ ချက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တစ်ချိန်တည်း၌ပင် ကျောက်ထုရဲစခန်းအား ကျောက်ထု PDF နှင့် မြို့ပြပြောက်ကျားတပ်ဖွဲ့တို့မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲစခန်းအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။ ဆက်လက်၍ လက်နက်ငယ်များဖြင့် အချိန်(၁:၀၀)နာရီခန့် ကြာသည်အထိ အပြန်အလှန်ပစ်ခတ်ခဲ့ကြပြီး စကစ တပ်သားများနှင့် ရဲများထိခိုက်ကျဆုံးမှုများပြားနိုင်ကာ အတည်ပြုနိုင်ခြင်း မရှိသေးကြောင်းနှင့် ကျောက်ထု PDF မှ ရဲဘော် ၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ လောထောတနောကျေးရွာဘက်သို့ စကစမှ လက်နက်ကြီးများရမ်းသမ်းပစ်ခတ်ခဲ့ရာ ဘုန်းကြီးကျောင်းအပါအဝင်၊ ပြည်သူ့အိုးအိမ်တစ်ချို့ ထိခိုက်ပျက်စီးခဲ့ပြီး ရွာခံ အမျိုးသမီး တစ်ဦး လက်နက်ကြီးစ ထိမှန်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ သာဇင်ကျေးရွာသို့ ဝင်ရောက်၍ စကစ တပ်သားများနှင့် ပျူစောထီးများက လူနေအိမ် (၁၀၀) ကျော်အား ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သည်။

တနင်္သာရီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့၊ တနင်္သာရီတိုင်း၊ ပုလောမြို့နယ် စကစ တပ်ဖွဲ့မှ ကဒဲကျေးရွာသို့ ရောက်ရှိလာခဲ့ပြီးနောက် နေအိမ်များကို ဝင်ရောက်စစ်ဆေးခဲ့ကာ အမျိုးသား ၃ ဦးကို ဖမ်းဆီးခဲ့ပြီး ၁ ဦးမှာ အသတ်ခံခဲ့ရကြောင်း သိရသည်။